**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပျောက်ဆုံးနေသောဥပဒေအကြောင်းအရာနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်**

၁။ ပွင့်လင်းမြန်မာ့ရှေ့ဆောင် (Open Myanmar Initiative-OMI) သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လထုတ် လွှတ်တော်ရေးရာသုတေသနစာစဉ်အမှတ် (၃) စာမျက်နှာ ၁၇ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး **"ပျောက်ဆုံးနေသောဥပဒေ"** ခေါင်းစဉ်ဖြင့် ပုံနှိပ်ဖြန့်ချိခြင်း၊ ၃-၈-၂၀၁၇ ရက်တွင် သတင်းမီဒီယာများအား ဖိတ်ကြား၍ သုတေသနစာတမ်းမိတ်ဆက်ပွဲပြုလုပ် ရှင်းလင်းခြင်း၊ MNTV နှင့် The Speaker ဂျာနယ်တို့တွင် ထုတ်လွှင့်ဖော်ပြခြင်း၊ ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ လူမှုကွန်ရက်အင်တာနက်စာမျက်နှာ Facebook Page တွင် ထပ်မံဖော်ပြခြင်းများပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ယင်းဥပဒေကြမ်းတွင် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၁ တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်"** ဟူသော ပြင်ဆင်ချက်တစ်ပိုဒ်သာပါရှိပြီး နိုင်ငံတော်သမ္မတ၏ **"ပါတီ ဟူသောစကားရပ်ကို ချန်လှပ်ရန် မသင့်ကြောင်း"** သဘောထားမှတ်ချက်အတိုင်း ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုဆုံးဖြတ်ခဲ့မှုအရ ဥပဒေအဖြစ် ထုတ်ပြန်ရန်မလိုခဲ့သည့် ဥပဒေကြမ်းတစ်ခုဖြစ်ပါသည်။

၃။ သို့သော် ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် အဆိုပါဥပဒေကြမ်းအတွက် ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ဂဃနဏ သိရှိအောင် လေ့လာဆန်းစစ်ခြင်းမပြုဘဲ အထက်အပိုဒ် ၁ ပါအတိုင်း ပြုမူဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေပြုရေးတာဝန်ထမ်းဆောင်နေသည့် လွှတ်တော်အသီးသီးအပေါ် မထီမဲ့မြင်ပြုရာရောက်သည့်အပြင် ပြည်သူများကလည်း အမှန်ကိုမသိရှိဘဲ လွှတ်တော်များအပေါ် ယုံကြည်မှုကို ထိခိုက်စေနိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ သို့ဖြစ်၍ ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် သတင်းစာရှင်းလင်းပွဲ ပြန်လည်ပြုလုပ်၍ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မှားယွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့မှားယွင်းခဲ့မှုအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ တောင်းပန်စာ ပေးပို့မည်ဖြစ်ကြောင်း ရှင်းလင်းထုတ်ပြန်ပေးရန် နှင့် ၇ ရက်အတွင်း ရှင်းလင်းဆောင်ရွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင်သို့ အကြောင်းကြားထားကြောင်း ထုတ်ပြန်အပ်ပါသည်။

အမိန့်အရ

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်